# ရခိုင်အမျိုးသမီးများအစည်းအရုံး

# Rakhaing Women Union (H.Q)

2/21, Pallabi, Mirpur, Dhaka-1216, Bangladesh
Tel & Fax - 880-2-9013435, E-mail: rwu2002@aitlbd.net


Ref :                                                                 Date : ............................

ရက်စွဲ။ ၃ – ၆ –၂၀၀၅။

## ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားသော မုဒိန်းကျင့်မှုများအတွက် နအဖ စစ်စိုးရအပေါ် ပြင်းထန်စွာရှုတ်ချခြင်း

မေလ(၁၉)ရက်နေ့က ရခိုင်ပြည်နယ်၊ တောင်ဂုတ်မြို့နယ်အတွင်းရှိ ဆားပြင်ကျေးရွာမှ အသက် (၂၅)နှစ်အရွယ် ရခိုင်အမျိုးသမီးတဦးအား တောင်ဂုတ်မြို့နယ် ရဲစခန်းမှ ရဲတပ်သား ကျော်မျိုးထိုက် က အဓမ္မပြုကျင့်ခဲ့ကြောင်း ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)မှ လေ့လာသိရှိရသည်။ အဆိုပါကိစ္စကို ပြုကျင့်ခံရသူအမျိုးသမီး၏ မိဘများက ဆားပြင်ကျေးရွာ ရယကဥက္ကဌ ဦးသိန်းတင် ထံ လားရောက်တိုင်ကြားရာ ဦးသိန်းတင်က အမှုကိုလက်မခံရဲသည့်အတွက် ရဲစခန်းသို့ နောက်တနေ့တွင် သွားရောက်တိုင်ကြားကြားခဲ့ကြောင်း သိရသည်။

စခန်းမှူး ဦးကျော်သိန်းက ၎င်း၏ရဲတပ်သား ကျော်မျိုးထိုက်နှင့် အဓမ္မပြုကျင့်ခံရသည့် ထိုအမျိုးသမီးငယ်ကို ချက်ချင်းခေါ်ယူ လက်ထပ်ပေးလိုက်ပြီး တနာရီအကြာ၌ ကွာရှင်းပေးလိုက်ကြောင်း သိရပေသည်။ ၎င်းနောက် ဖျက်ဆီးခံရသည့် အမျိုးသမီးကို အရှုး စာရင်းထဲ တဖန်ထည့်လိုက်ပြန်သည်။

အမှုဖြစ်ပွားသည်ကို အမှန်တကယ်သိပါလျှက် မိမိ၏ရဲတပ်သားအား အရေးယူ အပြစ်ပေးရမည့်အစား အပြစ်တရားခံကို ကာကွယ်ရန်အတွက် ရဲအာဏာကိုသုံးကာ ချက်ချင်းလက်ထပ်ခိုင်းပြီး တနာရီအကြာတွင် ကွာရှင်းပေးလိုက်ခြင်းသည် **အမျိုးသမီးငယ်အား ရဲတပ်သားသည်သာ ကျူးလွန်ခြင်းမဟုတ်ဘဲ ရဲအရာရှိပါ ဒုတိယအကြိမ် ထပ်မံစော်ကားလိုက်ခြင်းပင်ဖြစ်သည်ဟု ရခိုင်အမျိုးသမီးများအစည်းအရုံးမှ လုံးဝခံယူသည်။** ထို့အပြင် ကာယကံရှင်၏ဆန္ဒ အလျဉ်းမပါဘဲ ရဲစခန်းမှူး ဦးကျော်သိန်း စီစဉ်ပေးလိုက်သော လက်ထပ်ခြင်းနှင့်ကွာရှင်းခြင်းသည် အမျိုးသမီးများငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အာမခံချက်တခုဖြစ်သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ်(၁၃၂၅)ကို ချိုးဖောက်ရာရောက်သည့်အပြင် "CEDAW" အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးညီလာခံ၏ သဘောတူညီချက်များကိုလည်း ချိုးဖောက်ရာရောက်ကြောင်း ရခိုင်အမျိုးသမီးများအစည်းအရုံး(RWU)က အတိအလင်း ထုတ်ဖော်လိုက်သည်။

ဤကဲ့သို့ အမှုကဲ့သို့ပင် (၂၀၀၄)ခုနှစ်ကလည်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌မုဒိန်းမှု တခုဖြစ်ပွားခဲ့သည်။ ထိုအမှုဖြစ်ပွားသည့်နေရာသည် **ရခိုင်ပြည်နယ်အမျိုးသမီးရေးရာ ဥက္ကဌလည်းဖြစ် စစ်တွေတက္ကသိုလ် မြန်မာစာပါမောက္ခလည်းဖြစ်သော ဒေါ်ခင်သန်းနု** ၏နေအိမ်၌ ဖြစ်ပွားခဲ့ရာ ပြုကျင့်ခံရသော အမျိုးသမီးငယ်အား ရက်စက်စွာ သတ်ဖြတ်လိုက်သည်အထိ ပြစ်မှုကျူးလွန်ခဲ့ကြသည်။ **ထိုပြစ်မှုတွင် ဒေါ်ခင်သန်းနု ကိုယ်တိုင်ပါဝင်ပတ်သတ်နေပြီး၊ အမှုကိုဖျောက်ဖျက်ရန် ကြိုးစားရာ၌ ပြည်နယ်အမျိုးသမီးရေးရာ ကော်မီတီဝင်များဖြစ်ကြသော ဒေါ်ခင်ခင်စော၊ ဒေါ်နှင်းနှင်းခိုင်တို့ပါ ပါဝင်ပတ်သတ်ကြောင်း သိရပေသည်**။ ဤအမှုသည် ရခိုင်ပြည်နယ်အတွင်း အထူးထင်ရှားသော အမှုကြီးဖြစ်ပြီး၊ အမျိုးသမီးတဦး ပြုကျင့်ခံရသော၊ ရက်စက်စွာသတ်ဖြတ်ခံရသောအမှုကို အမျိုးသမီးများက ကိုယ်ချင်းစာနာမှုကင်းစွာဖြင့် လက်စဖျောက်ရန် ကြံစည်လိုက်ကြခြင်းသည် အမျိုးသမီးများ၏ အခွင့်အရေးနှင့်လုံခြုံရေးကို အမျိုးသမီးရေးရာ တာဝန်ရှိအကြီးအကဲများကပင် ကျူးလွန်နေကြောင်းတွေ့ရ၍ စိတ်တ်မကောင်းများစွာ ခံစားရပေသည်။ ထို့ပြင် အမျိုးသမီးချင်း စာနာမှုစိတ်ထားကင်းသော အမျိုးသမီးရေးရာကော်မီတီဝင်များ၏ အသရေမဲ့ လုပ်ရပ်ကိုလည်း ရခိုင်အမျိုးသမီးများအစည်းအရုံးမှ ပြင်းထန်စွာ ရှုတ်ချပေသည်။

ဤသို့ လူသိရှင်ကြားဖြစ်ပွားသွားသော အမှုများအပြင် နအဖ အာဏာသားများ၏ လက်ထဲ၌ လူမသိသူမသိ ဖြစ်သွားသောအမှုများလည်း ရခိုင်ပြည်နယ် နေရာအနှံ့၌ ဖြစ်ပေါ်လျက်ရှိနေသည်။

ရခိုင်ပြည်နယ်အတွင်း မုဒိန်းမှုဖြစ်ပွားနေသည့် နေရာများကို လေ့လာကြည့်လိုက်လျှင် ဖြစ်ပျက်နေသမျှသော အမှုများသည် နအဖ အရာရှိများနှင့် ၎င်း၏လက်ကိုင်တုတ်များဖြစ်ကြသော စစ်တပ်၊ ရဲတပ်များရှိရာ နေရာများ၌သာ ဖြစ်ပွား

လျှက်ရှိနေရာ ဤမုဒိန်းမှုများ နေရာအနှံ့ဖြစ်ပွားစေရန် နအဖ အစိုးရက နောက်ကွယ်မှနေ၍ အစီအစဉ်ချ ညွှန်ကြားလုပ်ဆောင်နေကြောင်း ထင်ရှားသည်ဟု ရခိုင်အမျိုးသမီးများအစည်းအရုံး(RWU)မှ စွပ်စွဲလိုပေသည်။

ဤသို့ နအဖ လက်နက်ကိုင်များ၊ နအဖ လက်အောက်ခံ လူမှုရေးအဖွဲ့များအနေနှင့် အပြစ်မဲ့သော ရခိုင်အမျိုးသမီးများ အပေါ် စော်ကားဖျက်ဆီးနေခြင်းသည် ရခိုင်ပြည်နယ်အတွင်းရှိ အမျိုးသမီးထုတခုလုံး၏ လုံခြုံမှုအာမခံချက်ကို ထိခိုက်စေသည့်အပြင် အမျိုးသမီးထုအား မိမိနိုင်ငံမှပြည်ပသို့ မရောက်ရောက်အောင် ဖန်တီးနေသည့် အချက်တခုလည်းဖြစ်သည်ဟု ရခိုင်အမျိုးသမီးများအစည်းအရုံးမှ လေးနက်စွာ သုံးသပ်ပေသည်။ သို့ဖြစ်၍ ရခိုင်ပြည်အတွင်း ဖြစ်ပွားနေသော မုဒိန်းမှုများနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်စော်ကားမှုများအား ရပ်တန့်ကရပ်ဆိုင်းရန် နအဖ အာဏာပိုင်များသို့ ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)မှ ပြင်းထန်စွာ သတိပေးတားမြစ်လိုက်ပေသည်။

တဆက်တည်းတွင် ဖြစ်ပျက်သွားခဲ့ပြီးသော ပြစ်မှုများအတွက် အောက်ဖော်ပြပါ တောင်းဆိုချက်များကို နအဖ စစ်အာဏာရှင်များသို့ ထပ်မံတောင်းဆိုလိုက်သည်။

**တောင်းဆိုချက်များ**

(၁) အပြစ်ကျူးလွန်သော တရားခံအား မုဒိန်းမှုဆိုင်ရာ ပြစ်မှုဥပဒေအရ ထိရောက်စွာ အပြစ်ပေးအရေးယူရန်။

(၂) မုဒိန်းမှုကျူးလွန်ခြင်းခံရသော အမျိုးသမီးငယ်များ၏ ကာယအိန္ဒြေပျက်စီးမှုများအတွက် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ကိုက်ညီသော လျော်ကြေးငွေကို ပေးဆောင်ရန်။

(၃) ပြစ်မှုကျူးလွန်ခြင်းခံရသော အမျိုးသမီးငယ်များ၏ ဘဝလုံခြုံရေး၊ ဘဝအာမခံချက်ရရေးအတွက် အာဏာပိုင်များမှ ဆောင်ရွက်ပေးရန်။

(၄) မုဒိန်းမှုကျူးလွန်သည့်အပြင် ထိုအမျိုးသမီးငယ်အား သေသည့်အထိ ကျူးလွန်ပါက လူသတ်မှုဆိုင်ရာ ဥပဒေများကိုထည့်သွင်း၍ တရားခံအား မှန်ကန်တိကျစွာ အပြစ်ပေးအရေးယူရန်။

ဗဟိုအလုပ်အမှုဆောင်ကော်မီတီ
ရခိုင်အမျိုးသမီးများအစည်းအရုံး (RWU)
ရခိုင်ပြည်

Phone: 880-2-901-3435
Mobile: 880-189426153